# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

March 11 , 2024 | Volume 76, Number 7

၁၁.၃.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၁၇၇ US$ |
| မြန်မာ့ရွှေဈေး | = ၄၀၃၅၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၃၆၄၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၉၈.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၇၈.၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၉၅.၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၈၈.၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၂.၂၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၃၈၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၀.၄၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၈.၆၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၉.၃၂၂ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## အမျိုးသားပို့ကုန်မဟာဗျူဟာ (၂၀၂၀-၂၀၂၅) ကုန်သွယ်မှုသတင်းအချက်အလက်ဝန်ဆောင်မှုကဏ္ဍ ညှိနှိုင်းအစည်းအဝေးကျင်းပ




အမျိုးသားပို့ကုန်မဟာဗျူဟာ (၂၀၂၀-၂၀၂၅) ကုန်သွယ်မှုသတင်းအချက်အလက်ဝန်ဆောင်မှုကဏ္ဍညှိနှိုင်းအစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ မတ်လ (၁၁) ရက် နေ့တွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ အစည်းအဝေးခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့သည်။ အစည်းအဝေးတွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါ၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထိန်လင်းနှင့် တာဝန်ရှိသူများ၊ သက်ဆိုင်ရာဌာနများနှင့်အသင်းအဖွဲ့များမှ ကုန်သွယ်မှုသတင်းအချက်အလက်ဝန်ဆောင်မှုကဏ္ဍ ကော်မတီအဖွဲ့ဝင်များ စုစုပေါင်း (၂၀)ဦး တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် အမျိုးသားပို့ကုန်မဟာဗျူဟာကို ဦးဆောင်လမ်းညွှန်ကြီးကြပ်မှုပေးမည့် အမျိုးသားပို့ကုန်မဟာဗျူဟာ အစိုးရ-ပုဂ္ဂလိကပို့ကုန်မြှင့်တင်ရေးကော်မတီနှင့် အဆိုပါကော်မတီကို လမ်းညွှန်မှုပေးမည့် အစိုးရ-ပုဂ္ဂလိကကုန်သွယ်မှုမြှင့်တင်ရေးကောင်စီတို့ကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် ဖွဲ့စည်းခဲ့ပြီးဖြစ်ကြောင်း၊ ကဏ္ဍ၏ကော်မတီစာရင်း ပြင်ဆင်ဖွဲ့စည်းရေးနှင့် ကုန်သွယ်မှုသတင်းအချက်အလက်ဝန်ဆောင်မှုကဏ္ဍ၏ လုပ်ငန်းစီမံချက်ပါ လုပ်ငန်းစဉ် များအနက် လတ်တလောအကျိုးရလဒ်ဖြစ်ထွန်းစေမည့် လုပ်ငန်းများကို ရွေးချယ် အကောင်အထည်ဖော်နိုင်ရေးတို့ကို ထည့်သွင်းပြောကြားခဲ့သည်။ ဆက်လက်၍ ကော်မတီအဖွဲ့ဝင်များက ကော်မတီတွင်ပါဝင်သင့်သည့် ဌာန၊ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့်လုပ်ငန်း

စီမံချက်များတွင် ပြင်ဆင်/ထည့်သွင်းသင့်သည့်အချက်များကို အကြံပြုဆွေးနွေးခဲ့ကြပြီး အစည်းအဝေးကို (၁၆:၀၀) နာရီတွင် ရုပ်သိမ်းခဲ့သည်။

Source: **မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့**

## မြန်မာ့ကြက်သွန်နီကို ထိုင်းနိုင်ငံမှတစ်ဆင့် ဗီယက်နမ်နှင့်မလေးရှားသို့တင်ပို့နေ



မြန်မာ့ကြက်သွန်နီကို ထိုင်းနိုင်ငံမှတစ်ဆင့် ဗီယက်နမ်နှင့်မလေးရှားနိုင်ငံများသို့ တင်ပို့နေတာကြောင့် တောင်သူများ ဈေးကောင်းရနေကြောင်း သိရသည်။

ကြက်သွန်ဈေးကွက်မှာ ပြည်တွင်းစားသုံးမှုအတွက် ဖူလုံပိုလျှံတာကြောင့် ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်မှသာ ကြက်သွန်စိုက်တောင်သူများ အဆင်ပြေနိုင်မည်ဖြစ်သည်။

"ဗီယက်နမ်နဲ့မလေးရှားနိုင်ငံတွေက အဝယ်လိုက်နေတော့ နယ်ကြက်သွန်ဈေးကွက်မှာ တွဲကားတွေနဲ့ နေ့စဉ် အဝယ်ရှိနေပါတယ်။ နယ်ကြက်သွန်ဈေးတက်တော့ တောင်သူတွေ အဆင်ပြေကြပါတယ်။ အဓိကတော့ မြစ်သားနယ်က အဝယ်များတယ်။ ထိုင်းနိုင်ငံကနေတစ်ဆင့် တင်ပို့နေတာပါ။ ပြည်တွင်းစားသုံးမှုအနေနဲ့လည်း ရန်ကုန်ကိုတင်ပို့နေကြပါတယ်"ဟု မြန်မာနိုင်ငံ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့်စားဖိုဆောင်သီးနှံများအသင်း တာဝန်ရှိသူတစ်ဦးကပြောသည်။

လက်ရှိ မိုးကြက်သွန်က ထွက်သမျှတင်ပို့ရောင်းချနေပြီး လှောင်ထားခြင်းမရှိကြောင်း နွေကြက်သွန်ထွက်ရှိလာမှသာလျှင် အောက်တိုဘာ၊ နိုဝင်ဘာအထိ လှောင်လေ့ရှိသည်။

ပြည်တွင်းသုံးစွဲမှုအနေဖြင့် ရန်ကုန်ဈေးကွက်သို့တင်ပို့ပြီး ရန်ကုန်ဈေးကွက်မှ မွန်၊ တနင်္သာရီ၊ ဧရာဝတီတိုင်းတို့မှ အဓိကဝယ်ယူနေခြင်းဖြစ်သည်။ လက်ရှိတွင်ကြက်သွန်အရွယ်အစားအလိုက်ဈေးကောင်းရရှိနေပြီး မြစ်သားကြက်သွန် အရွယ်အသေးမှာ တစ်ပိဿာ ငွေကျပ် ၂၀၀၀ ခန့်၊ အရွယ်အလတ်မှာ ငွေကျပ် ၂၅၀၀ ခန့်၊ အရွယ်အကြီးမှာ တစ်ပိဿာ ငွေကျပ် ၃၀၀၀ ခန့် ပေါက်ဈေးရှိလာသည်။

ပြည်ပတင်ပို့မှုအနေဖြင့် အရွယ်အလတ်နှင့်အကြီးကိုသာ အဓိကတင်ပို့ပြီး အရွယ်အသေးများကို ပြည်တွင်းဈေးကွက်တွင်သာ ရောင်းချလေ့ရှိသည်။

မိုးကြက်သွန်မှာ ပြည်တွင်းစားသုံးမှုနှင့် ပြည်ပတင်ပို့မှုရှိမှသာ တောင်သူများဈေးကောင်းရလေ့ရှိပြီး နွေကြက်သွန်မှာ မကြာမီပေါ်လာတော့မည်ဖြစ်ကြောင်း သိရသည်။

ကြက်သွန်ဈေးကွက်တွင် မြစ်သားကြက်သွန်သည် အရည်အသွေးကောင်းခြင်းနှင့် သိုလှောင်ရန်ကောင်းမွန်ခြင်းကြောင့် ဈေး ကောင်းရရှိပြီး မြင်းခြံ၊ မုံရွာ၊ ရေနံချောင်း၊ ဆိပ်ဖြူ၊ ပခုက္ကူဒေသများမှထွက်ရှိသည့် ကြက်သွန်များမှာလည်း နိုင်ငံခြားတင်ပို့မှုရှိနေသဖြင့် ဈေးကောင်းရရှိနေသည်။

လက်ရှိအချိန်တွင် နိုင်ငံခြားတင်ပို့ရန်အတွက် နေ့စဉ်တွဲကားစီးရေ ၃၀ ခန့်ဖြင့် နယ်ကြက်သွန်များ ဈေးကွက်အတွင်း ဝင်ရောက်နေကြောင်းသိရသည်။

**Source: မကွေးဂျာနယ်**

## အသစ်ဝင်ကုလားပဲအုပ်စု ဈေးကျဆင်းရာမှ ဈေးပြန်မြင့်တက်လာ




အသစ်ဝင် ကုလားပဲအုပ်စု ဈေးကျဆင်းနေရာမှ အကျရပ်ပြီး ဈေးပြန်မြင့်တက်လာကြောင်း ပဲကုန်သည်များထံမှ သိရသည်။

ပို့ကုန်ပဲများ ဈေးကျဆင်းမှုနှင့်အတူ လိုက်ပါဈေးကျဆင်းနေသည့် ကုလားပဲမှာ လှောင်လက်သမားများ အဝယ်ရှိလာတာကြောင့် မတ်လဆန်းပိုင်းတွင် ဈေးပြန်မြင့်တက်လာခြင်းဖြစ်ကြောင်း ရွှေစင်သိန်းပွဲရုံပိုင်ရှင် ဦးကျော်သွင်ကပြောသည်။ "အသစ်ဝင်ရောက်လာတာတွေ များလာတာရယ် ပို့ကုန်ပဲတွေဈေးကျတာတွေရှိလာတော့ ကုလားပဲက ဈေးကျနေတာ ဒီရက်ပိုင်း ဈေးပြန်တက်လာတယ်။ အရင်အမြင့်ဈေးတော့ မရောက်သေးဘူး။ ဒီဈေးတွေက လှောင်လက်သမားတွေ အဝယ်ရှိနေတာပါ"ဟု ၄င်းကပြောသည်။

မတ်လ ပထမသီတင်းပတ်တွင် ကုလားပဲ (V2) တစ်အိတ်လျှင် ငွေကျပ် ၂,၅၃,၀၀၀၊ ကုလားပဲ (၉၂၉) ၅၆ဒသမ ၂၅ ပိဿာလျှင် ငွေကျပ် ၂,၄၀,၀၀၀၊ကုလားပဲ (TW) လျှင် ငွေကျပ် ၂,၄၁,၀၀၀ ပေါက်ဈေးရှိလာသည်။

လက်ရှိ မန္တလေးဈေးကွက်တွင် ဝမ်းတွင်း၊ သဲတော၊ စစ်ကိုင်း၊ မုံရွာဘက်မှ ကုလားပဲအသစ်များ ဝင်ရောက်လျက်ရှိကြောင်း သိရသည်။ တောင်သူအများစုအနေဖြင့် ကုလားပဲမျိုးကို မျိုးချန်စနစ်ဖြင့်စိုက်ပျိုးကြပြီး နှစ်စဉ်ကုလားပဲကို အောက်တိုဘာလနှင့် နိုဝင်ဘာလများတွင် စစ်ကိုင်း၊ ပဲခူး၊ မကွေး၊ မန္တလေးနှင့်ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဧကပေါင်း တစ်သိန်းကျော်ထိ စိုက်ပျိုးကြကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် နှစ်စဉ် ပဲမျိုးစုံ စိုက်ဧက ၁၁ သန်းကျော်ရှိပြီး ကုလားပဲ၊ ပဲတီစိမ်း ၊ မတ်ပဲ ၊ ပဲစင်းငုံတို့ကို စိုက်ပျိုး ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

ဆောင်းကုလားပဲများကို အောက်တိုဘာလတွင် မိုးရေအစိုဓာတ်ဖြင့်လည်းကောင်း၊ ရေစက်များဖြင့် ရေတင်၍လည်းကောင်း ယာမြေများ၌ စိုက်ပျိုးကြကြောင်း၊ V2 မျိုးနှင့် ရိုးရိုးကုလားပဲလုံး အသေးမျိုးများကို စိုက်ပျိုးကြသည့်အနက် V2 ကုလားပဲမျိုးကိုသာ အများဆုံးစိုက်ပျိုးကြကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## အိန္ဒိယသည် ယူအေအီးနှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံများသို့ ကြက်သွန်နီတင်ပို့မှုကို ခွင့်ပြု

အိန္ဒိယကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အမျိုးသားသမဝါယမတင်ပို့မှုလီမိတက်(NCEL) မှတစ်ဆင့် ကြက်သွန်နီအား ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တန်ချိန် ၅၀,၀၀၀ နှင့်ယူအေအီးသို့ တန်ချိန် ၁၄,၄၀၀၊ စုစုပေါင်းတန်ချိန် ၆၄,၄၀၀ တင်ပို့ရန် ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

ပို့ကုန်/သွင်းကုန် လုပ်ထုံးလုပ်နည်းများသတ်မှတ်ရန်တာဝန်ရှိသည့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ဌာနခွဲတစ်ခုဖြစ်သည့် နိုင်ငံခြားကုန်သွယ်ရေးအထွေထွေညွှန်ကြားမှုဦးစီးဌာန(DGFT)က ယူအေအီးနိုင်ငံသို့ ကြက်သွန်နီ သုံးလတစ်ကြိမ်ဖြင့် အများဆုံးတန်ချိန် ၃၆၀၀ ထိ၊ စုစုပေါင်းတန်ချိန် ၁၄,၄၀၀ တင်ပို့မှုကို အမျိုးသားသမဝါယမ တင်ပို့မှုလီမိတက်(NCEL)မှတဆင့် ခွင့်ပြုထားသည်ဟု UAE နိုင်ငံသို့ အကြောင်းကြားထားကြောင်း အသေးစိတ်ဖော်ပြခဲ့သည်။ အိန္ဒိယသည် ပြည်တွင်းဈေးကွက်တည်ငြိမ်စေရန်ရည်ရွယ်၍ ကြက်သွန်နီတင်ပို့မှုကို ယေဘုယျအားဖြင့် တားမြစ်ထားသော်လည်း အစိုးရက ယင်းနိုင်ငံများ၏တောင်းဆိုချက်အပေါ် ခြွင်းချက်ဖြင့် ခွင့်ပြုပေးထားခြင်းဖြစ်ကြောင်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့မည့်နည်းလမ်းများကို စားသုံးသူရေးရာဦးစီးဌာနနှင့်ညှိနှိုင်းပြီး NCEL မှ ဆုံးဖြတ်မည်ဖြစ်ကြောင်းလည်း သိရသည်။

ပြည်တွင်းဈေးကွက်အတွက် ကြက်သွန်နီလုံလောက်မှုရှိစေရန်နှင့် ဈေးနှုန်းထိန်းချုပ်နိုင်ရန်ရည်ရွယ်၍ အိန္ဒိယအစိုးရက ပြီးခဲ့သည့်နှစ် ဒီဇင်ဘာ ၈ ရက်မှ ယခုနှစ် မတ်လ ၃၁ ရက်အထိ တင်ပို့မှုပိတ်ပင်ထားပြီးနောက် ယခုကဲ့သို့ ခွင့်ပြု ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံမှ ကြက်သွန်နီကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရခိုင်ပြည်နယ်မှတစ်ဆင့် တင်ပို့လျက်ရှိသော်လည်း လတ်တလောတွင် ရခိုင်ပြည်နယ်ရှိကုန်သွယ်မှုလမ်းကြောင်းများ ရပ်ဆိုင်းနေသဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံက အိန္ဒိယနိုင်ငံမှတင်သွင်းမှုများအား တိုးမြှင့်ပြုလုပ်ရန် တောင်းဆိုဆောင်ရွက်ခဲ့သည်ဟုယူဆရသည်။ သို့ဖြစ်ပါ၍ မိမိနိုင်ငံ၏ရှိပြီးသားဖြစ်သည့် ကြက်သွန်နီ ဈေးကွက်မပျောက်ပျက်ရေးအတွက် တင်ပို့နိုင်မည့်နည်းလမ်းများကို ရှာဖွေဖော်ဆောင်သင့်ပါကြောင်း တင်ပြလိုက်ရပါသည်။

**Source: ndtvprofit.com, 4 March 2024.**

**(မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)**

## ရုပ်ကြွင်းလောင်စာဆီအစားထိုးရန် ဆီအုန်းမှ ဇီဝစွမ်းအင်ထုတ်လုပ်မည့် အင်ဒိုနီးရှားနိုင်ငံ

အမျိုးသားသုတေသနနှင့် တီထွင်းဆန်းသစ်မှုဘုတ်အဖွဲ့ (National Research and Innovation Board(BRIN)က ဆီအုန်းသည် ရုပ်ကြွင်းလောင်စာဆီအစားထိုးရန်အတွက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်၏ အကောင်းဆုံးကုန်ကြမ်းဖြစ်ကြောင်း၊ BRIN ၏ ဆန်းစစ်ချက်သည် ဆီအုန်းကုန်ကြမ်းရရှိမှု၊ နည်းပညာ၊ ခံစားခွင့်များ၊ ထောက်ပံ့မှုနှင့်ရင်းနှီးမြှုပ်နှံမှုတို့အပေါ် အစိုးရ၏ မူဝါဒတို့အပေါ် အခြေခံထားကြောင်း၊ အင်ဒိုနီးရှားနိုင်ငံသည် စားအုန်းဆီကြမ်းထုတ်လုပ်မှုတွင် ကမ္ဘာ့နံပတ်တစ်နိုင်ငံဖြစ်ပြီး တစ်နှစ်လျှင် တန်ချိန် ၄၄ ဒသမ ၂ သန်းထုတ်လုပ်ကြောင်း၊ ထို့ကြောင့် အင်ဒိုနီးရှားနိုင်ငံသည် ဇီဝဒီဇယ်ထုတ်လုပ်ရန်အတွက် ကုန်ကြမ်းပေါပေါများများရှိကြောင်း BRIN Crops Research Center ၏ ခေါင်းဆောင်ဖြစ်သူ Yudhistira Nugraha က ပြောကြားခဲ့သည်။

စိုက်ပျိုးရေးဝန်ကြီးဌာန၏ အချက်အလက်များအရ အင်ဒိုနီးရှားနိုင်ငံသည် ဆီအုန်းစိုက်ဧကဟက်တာ ၁၄ ဒသမ ၆၈ သန်းရှိပြီး အဆိုပါဧကများ၏ ၄၀ ရာခိုင်နှုန်းကို လုပ်ငန်းငယ်များက ပိုင်ဆိုင်ထားသည်။ ထုတ်လုပ်မှုအများစုကို ပြည်ပ တင်ပို့ပြီး အင်ဒိုနီးရှားနိုင်ငံအတွက် နိုင်ငံခြားငွေအများဆုံးရှာပေးသည့်လုပ်ငန်းဖြစ်သည်။

အင်ဒိုနီးရှားအစိုးရက B 35 Program ကို အကောင်အထည်ဖော်လျက်ရှိပြီး အနာဂတ်တွင် B 100(Green Diesel) အဆင့်အထိ အဆင့်မြှင့်ဆောင်ရွက်သွားရန် စီစဉ်ထားကြောင်း၊ ဆီအုန်းမှ ဇီဝလောင်စာဆီထုတ်လုပ်သည့် နည်းပညာဖွံ့ဖြိုးတိုးတက်ရန် ရင်းနှီးမြှုပ်နှံမှုများစွာလိုအပ်ပြီး စိန်ခေါ်မှုကြီးတစ်ခုဖြစ်ကြောင်း Yudhistira Nugraha က ပြောကြားသည်။ အင်ဒိုနီးရှားနိုင်ငံ၏ B 35 Program မှာ ဇီဝဒီဇယ် ၃၅ ရာခိုင်နှုန်းနှင့် ရေနံစိမ်းဒီဇယ် ၆၅ ရာခိုင်နှုန်းရောစပ်၍ အသုံးပြုရန် သတ်မှတ်ချက်ဖြစ်သည်။

ဆီအုန်းမှ ဇီဝဒီဇယ်ထုတ်လုပ်မှုအတွက် အခြားဇီဝစွမ်းအင်ရင်းမြစ်များနှင့်နှိုင်းယှဉ်ပါက ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှုနှင့် အစိုးရ၏မူဝါဒများ၏ ထောက်ပံ့မှုပိုမိုရရှိကြောင်း၊ သို့ရာတွင် စိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ် ကြီးမြင့်လာမှုကြောင့် ဇီဝဒီဇယ်ထုတ်လုပ်မှုစဉ်ဆက်မပြတ်ဖြစ်စေရေးကို သက်ရောက်မှုရှိနေဆဲဖြစ်ပြီး တိုးတက်မှုများရရှိရန်မှာ စိန်ခေါ်မှုတစ်ခုဖြစ်ကြောင်း LPPM IPB ၏ Surfactant and Bioenergy ရှိ The Coordinator of Research and Development မှ Dwi Setyaningsih က ပြောကြားခဲ့သည်။

မြန်မာနိုင်ငံသည်လည်း ဆီအုန်းစိုက်ပျိုးထုတ်လုပ်သည့်နိုင်ငံတစ်နိုင်ငံဖြစ်ရာ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အသုံးပြုမှုကို အားပေးသည့်အနေဖြင့် ဆီအုန်းကို လောင်စာဆီအစားထိုးဆောင်ရွက်နိုင်မည့် သီးနှံအဖြစ် ထည့်သွင်းစဉ်းစားနိုင်မည် ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

**Source: The Indonesia Palm Oil Association**

**(သွယ်သွယ်ဆုတင်၊ စီးပွားရေးသံမှူး၊ စင်ကာပူမြို့)**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် (၄-၃-၂၀၂၄ မှ ၈-၃-၂၀၂၄ ) အတွင်းဖြစ်ပေါ်ခဲ့သော ကုန်စည်ဈေးနှုန်းများ

### ကြက်သွန်နီ

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့နှင့်မြစ်သားမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၂၉၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၂၈၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၂၆၀၀ ၊ ဆိပ်ဖြူလတ်ချော ကျပ် ၁၈၀၀၊ မြစ်သားသစ်ရှယ် ကျပ် ၃၇၀၀၊ မြစ်သားလတ်ကြီး ကျပ် ၃၇၀၀၊ မြစ်သားလတ်သန့် ကျပ် ၃၆၀၀ နှင့် မြစ်သားလတ်ချော ကျပ် ၂၆၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ဆိပ်ဖြူရှယ် ကျပ် ၁၀၀၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၁၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၂၀၀ ၊ ဆိပ်ဖြူလတ်ချော ကျပ် ၄၀၀၊ မြစ်သားလတ်သန့် ကျပ် ၂၀၀ နှင့် မြစ်သားလတ်ချော ကျပ် ၁၀၀ အသီးသီးဈေးမြင့်တက်ခဲ့သည်။ ကုန်စည်ဒိုင်သို့ ကြက်သွန်နီဝင်ရောက်မှုမှာ ယခင်အပတ်ကကားစီးရေ ၁၈၁ စီး (၁၀,၈၆,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၁၄၇စီး (၈,၈၂,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၃၄ စီး ( ၂,၀၄,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

### ကြက်သွန်ဖြူ

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်နှင့် အောင်ပန်းမြို့တို့မှ ကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ (တစ်ပိဿာ) ဈေးနှုန်းများမှာ ကြူကုတ်ရှယ် ကျပ် ၁၀,၀၀၀၊ အောင်ပန်းထူး-၂ ကျပ် ၁၆,၀၀၀၊ အောင်ပန်းထူး-၃ ကျပ် ၁၆,၅၀၀၊ အောင်ပန်းထူး-၄ ကျပ် ၁၆,၈၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၁၇,၃၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း အောင်ပန်းထူး-၂ ကျပ် ၅၅၀၀၊ အောင်ပန်းထူး-၃ ကျပ် ၅၅၀၀၊ အောင်ပန်းထူး-၄ ကျပ် ၄၃၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၃၈၀၀ ဈေးကျဆင်းခဲ့ပြီး ကြူကုတ်ရှယ်မှာ ဈေးငြိမ်လျက်ရှိသည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ် ၃၄၀၀ (၁,၀၂,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန်ဖြူ အိတ် ၃၉၀၀ (၁,၁၇,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူအိတ်ရေ ၅၀၀ (၁၅,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**Source: ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ပင်လယ်ပန်းကဏန်း ပိဿာချိန် ၇၅,၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ပင်လယ်ပန်းကဏန်း ပိဿာချိန် ၇၅,၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝေဝေက ပြောပြ၍သိရသည်။ လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်းက ပင်လယ်ပန်းကဏန်းပိဿာချိန် ၄၅,၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ၂၉ ရက်နေ့ထိ ပင်လယ်ပန်းကဏန်းပိဿာချိန် ၇၅,၀၀၀ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပင်လယ်ပန်းကဏန်းတွေက ပင်လယ်ပြင် ငါးဖမ်းလုပ်ငန်းတွေကနေ ရရှိတာဖြစ်ပါတယ်။ လပွတ္တာမြို့နယ်ကနေထွက်တဲ့ ပင်လယ်ပန်းကဏန်းတွေအပါအဝင် ရေထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေတာဖြစ်ပါတယ်။ ဖေဖော်ဝါရီလထဲမှာ ပင်လယ်ပန်းကဏန်းပိဿာချိန် ၇၅,၀၀၀ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိ မတ်လထဲမှာလဲ ဒီဘက်ကနေ တင်ပို့ရောင်းချတဲ့၊ ထွက်ရှိတဲ့ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ ပန်းကဏန်းတွေအဝယ်လိုက်နေတာက ပြည်တွင်းလိုအပ်ချက်နဲ့ ပြင်ပဈေးကွက်ရှိလာတာကြောင့်ပါ။ ကဏန်းတွေ ဝယ်ယူအားကောင်းလာတော့ ရေလုပ်ငန်းရှင်တွေက အရောင်းအဝယ်လုပ်ငန်း ပိုမိုလုပ်ကိုင်လည်ပတ်လာရပါတယ်" ဟု လပွတ္တာမြို့နယ်မှ ရေထွက်ကုန် ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝေဝေက ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေသည့် ပန်းကဏန်း ၁၀ ပိဿာလျှင် ငွေကျပ် ၂,၈၅,၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါ ပင်လယ်ပန်းကဏန်းများ ဝယ်ယူအားကောင်းလာခြင်းကြောင့် ရေလုပ်သားများ၊ ကုန်သည်များ၊ ကုန်တင်ကားအငှားလိုက်သူများ အလုပ်အကိုင်ရရှိလာကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

## ဗီယက်နမ်နိုင်ငံသည် ဒူးရင်းတင်ပို့မှု ဈေးကွက်မြှင့်တင်ရန်ရည်မှန်း

ဗီယက်နမ်နိုင်ငံသည် ဒူးရင်းတင်ပို့မှုဈေးကွက်ရရှိထားသည့် လက်ရှိအားသာချက်များကိုအသုံးပြုကာ သစ်သီး အရည်အသွေးမြှင့်တင်ခြင်းဖြင့် ပို့ကုန်ဈေးကွက်ဘီလီယံနှင့်ချီရရှိရေး ရည်ရွယ်ချက်ဖြင့်ဒူးရင်းတင်ပို့မှုဈေးကွက်တွင် ခိုင်မာလာစေရန် အရှိန်အဟုန်မြှင့် လုပ်ဆောင်လျက်ရှိသည်။ ဗီယက်နမ်နိုင်ငံအနေဖြင့် အလားအလာများရရှိရေးနှင့် ကမ္ဘာလုံးဆိုင်ရာ ဈေးကွက်ချဲ့ထွင်ရန် စိတ်အားထက်သန်လျက်ရှိသည်။

စိုက်ပျိုးရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၏ အဆိုအရ ဗီယက်နမ်သည် ဒူးရင်းစိုက်ပျိုးမှု ဟက်တာ ၁,၁၀,၀၀၀ ကျော်ရှိပြီး နှစ်စဉ်တန်ချိန် ၈,၅၀,၀၀၀ နီးပါးထွက်ရှိသည်။ ဒူးရင်းစိုက်ပျိုးမှု၏ အဓိကဒေသများမှာ အလယ်ပိုင်းကုန်းမြင့်များဖြစ်ပြီး စုစုပေါင်း စိုက်ပျိုးဧရိယာ၏ ၄၇ ရာခိုင်နှုန်း၊ မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသနှင့် အရှေ့တောင်ဒေသတို့က ၃၀ ရာခိုင်နှုန်းနှင့် ၁၉ ရာခိုင်နှုန်း အသီးသီးရှိသည်။

သွင်းကုန်ဈေးကွက်တွင် ရောင်းဈေးမြင့်မားမှုကြောင့် ဗီယက်နမ်ဒူးရင်းသည် အခြားလယ်ယာထွက်ကုန်များဖြစ်သော ငရုတ်ကောင်း၊ နဂါးမောက်သီးနှင့် ရော်ဘာတို့ထက် မြင့်မားလာကာ လွန်ခဲ့သည့် ငါးနှစ်အတွင်း စိုက်ပျိုးဧရိယာသည် နှစ်စဉ် ၂၅ ရာခိုင်နှုန်းနီးပါး တိုးလာခဲ့သည်။ Intimex Group ၏ ဥက္ကဋ္ဌနှင့် အထွေထွေဒါရိုက်တာ Do Ha Nam မှ ကော်ဖီနှင့် ငရုတ်ကောင်းကဲ့သို့ အခြားသီးနှံများမှ နှစ်စဉ်အမြတ်ငွေ တစ်ဟက်တာလျှင် ဗီယက်နမ်ဒေါင် ၂ ဘီလီယံအထိရရှိသည့် ဒူးရင်းစိုက်ပျိုးမှု၏ အကျိုးအမြတ်သဘောသဘာဝကို မီးမောင်းထိုးပြခဲ့သည်။

**Source:** en.vietnamplus.vn

**(စီးပွားရေးသံမှူး၊ ဗီယက်နမ်)**

## STOCK EXCHANGE (11.3.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 11th Mar. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 85,763 (Shares) | 132,440,550 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,300 | +0 | +0.00% | 8,300 | 8,300 | 8,300 | 304 | 2,523,200 | 33,109,694 | 274,811 |
| MTSH | 00002 | 2,850 | -50 | -1.72% | 2,900 | 2,900 | 2,850 | 1,088 | 3,128,250 | 38,929,150 | 110,948 |
| MCB | 00003 | 7,700 | +0 | +0.00% | 7,700 | 7,700 | 7,700 | 7 | 53,900 | 10,400,986 | 80,088 |
| FPB | 00004 | 1,500 | -50 | -3.23% | 1,500 | 1,500 | 1,450 | 141 | 208,500 | 29,664,613 | 44,497 |
| TMH | 00005 | 2,500 | +0 | +0.00% | 2,450 | 2,500 | 2,450 | 110 | 270,000 | 12,823,224 | 32,058 |
| EFR | 00006 | 1,700 | -50 | -2.86% | 1,700 | 1,700 | 1,700 | 60 | 102,000 | 19,977,223 | 33,961 |
| AMATA | 00007 | 4,700 | +0 | +0.00% | 4,700 | 4,700 | 4,700 | 21 | 98,700 | 10,497,598 | 49,339 |
| MAEX | 00008 | 1,750 | +50 | +2.94% | 1,750 | 1,750 | 1,750 | 32 | 56,000 | 23,804,946 | 41,659 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 11th Mar. 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 353.81 | -1.72 | -0.48% | 354.75 | 354.75 | 352.06 | 1,763 | 6,440,550 | 8 | 667,361 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 11th Mar. 2024

| Trading Volume | Trading Value |
|---|---|
| 85,763 (Shares) | 132,440,550 (MMK) |

## Main Board

As of 1:00 pm, 11th Mar. 2024

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 85,763 (Shares) | 132,440,550 (MMK) |

| MYANPIX | 353.81 ▼ 1.72 |
|---|---|
| Total Volume (shares) | 1,763 |
| Total Value (MMK) | 6 mil |
| Listed Company | 8 |
| Market Cap. (MMK) | 667,361 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,300 | ▲ 0 |
| MTSH | 00002 | 2,850 | ▼ 50 |
| MCB | 00003 | 7,700 | ▲ 0 |
| FPB | 00004 | 1,500 | ▼ 50 |
| TMH | 00005 | 2,500 | ▲ 0 |
| EFR | 00006 | 1,700 | ▼ 50 |
| AMATA | 00007 | 4,700 | ▲ 0 |
| MAEX | 00008 | 1,750 | ▲ 50 |